# "ကျွန်တော်ပိုင်ဆိုင်  သမျှက စာအုပ်တွေပါ" - တေဇာဆန်း အကြောင်း

တေဇာဆန်းရေးတဲ့ စာလေးကို ဘာသာပြန်ပြီး နိုင်ငံတကာ ပရိသတ်အတွက် ဝေမျှလိုက်ပါတယ်။ တေဇာဆန်းဟာမြန်မာပြည်ရဲ့ အကြမ်းမဖက်လူထုလှုပ်ရှားမှုခေါင်းဆောင်တယောက်ပါ။ သူ့အကြောင်းကိုနည်းနည်းပြောပါရစေ။သူဟာ ဆေးပညာသင်ယူခဲ့တဲ့ ဆရာဝန်တယောက်ဖြစ်သော်လည်း ပညာရေးနဲ့ လူထုစွမ်းအားမြင့်မားရေးကိစ္စတွေကိုပဲ တစိုက်မတ်မတ် လုပ်ခဲ့သူတယောက်ဖြစ်ပါတယ်။ သူ့လိုလူငယ်ကျောင်းသားတွေ၊ မိတ်ဆွေတွေနဲ့၂၀၁၀/၂၀၁၁ လောက်ကစပြီး အသိပညာပြန့်ပွါးရေး အသင်းနဲ့ စာကြည့်တိုက်လေးဖွင့်ပါတယ်။ ကျောင်းပြင်ပ ပညာရေး အစီအစဉ်လေးတွေလုပ်ပါတယ်။ သူက အတော့်ကို ပိန်ပိန်ပါးပါးနဲ့ ကြည့်လိုက်ရင် လေတိုးမခံလို့ ထင်ရတယ်။ စကားကို ညင်ညင်သာသာပြောပြီး အလွန်ကြင်နာတတ်တဲ့ စာသမားပါ။ ဒေါင့်တဒေါင့်မှာ စာအုပ်ထူထူတအုပ်ဖတ်နေတတ်သူ အနေနဲ့ သာ သူ့ကို အမှတ်ရနေပါတယ်။

အသံကျယ်ကျယ်နဲ့ ဝင်ပြောတာမျိုး တခါမှတောင် မကြားမိပါဘူး။ ခေါင်းဆောင်ရယ်လို့ သူ့ကိုသူ ရှေ့တန်းတင်တာမျိုး ဘယ်တော့မှ မလုပ်ပါဘူး။ တခြားသူတွေနဲ့ ရင်းနှီးကျွမ်းဝင်ဖို့ အမြဲကြိုးစားတယ်။ အမြဲနားထောင်တယ်။နားလည်သိမြင်သွားဖို့ အမြဲကြိုးစားတာတွေ့ရပါတယ်။ မနှစ်က နှစ်ကုန် NLD ရွေးကောက်ပွဲ နိုင်အပြီးမှာ သူနဲ့စကားပြောဖြစ်ပါတယ်။ သူက သူစိတ်ပျက်ရတဲ့ အကြောင်းကို ခုလိုပြောပြပါတယ်။ " ကျတော်တို့ဗမာတွေကလူမျိုးစု ညီအကို မောင်နမတွေအကြောင်း နားမထောင်ကြဘူး။ အဲဒီလို နားမထောင်ရင် အချင်းချင်း နားလည်လာကြမှာမဟုတ်ဘူး။ ဒါဆိုရင် တိုင်းပြည်ကို ဘယ်လိုပြုပြင်မလဲ။ ငြိမ်းချမ်းရေးနဲ့ ညီညွတ်မှု ဘယ်လိုရမလဲ။ စစ်တပ်ကို ဘယ်လို ရပ်တည်ဖြေရှင်းမလဲ"

ဖေဖော်ဝါရီ ၁ ရက်နေ့ စစ်အာဏာသိမ်းမှု အပြီးရက်အနည်းငယ်မှာ မန္တလေးမြို့က လမ်းတွေပေါ်ကို တေဇာဆန်းရုတ်တရက်ပေါ်လာပါတယ်။ ကျောင်းသားလူငယ်အများစုဖြစ်တဲ့ မိတ်ဆွေအချို့နှင့် စစ်အာဏာသိမ်းမှု ဆန့်ကျင်ရေး ဆန္ဒပြကြတာပါ။ အဲဒီဆန္ဒပြပွဲလေးရဲ့ ဓါတ်ပုံတွေမြင်ရတော့ ကျတော် ထိတ်လန့်သွားပါတယ်။ ၂၀၁၁ ကနေ၂၀၁၆ ထိ မြန်မာပြည်မှာ ကျတော်စာသင်စာပြလုပ်ခဲ့တော့ ကျတော့်အတန်းထဲမှာ ကျောင်းသားတချို့ရှိပါတယ်။သူတို့ဟာ ၁၉၈၈၊ ၁၉၉၀၊ ၂၀၀၇ တွေမှာ မိနစ် ၂၀/ ၃၀ လောက် လမ်းပေါ်မှာရဲရဲရင့်ရင့်ညဆန္ဒပြခဲ့ပြီး တချို့၈ နှစ်တချို့ ၁၄ နှစ်လောက် အကျဉ်းချခံခဲ့ရတာပါ။ အဲဒီမတိုင်ခင်မှာလည်း နှိပ်စက်တာ၊ အချိန်အများစုမှာတော့ဆာလောင် ငတ်မွတ်တဲ့ ဒဏ်တွေခံခဲ့ရသူတွေပါ။

ဒီတခါလည်း ဒီလိုကြုံရဦးမယ်။ ရက်စက်တဲ့ အာဏာမက်တဲ့စစ်တပ်ကြောင့် နောင်မျိုးဆက်တွေတော့ အလာဟာသ ဆုံးရှုံးရတာတွေဖြစ်တော့မယ်လို့ ထင်မြင်နေမိပါတယ်။

ဒါပေမဲ့ ကျွန်တော် ကြောက်စိတ်က မှားသွားပါတယ်။ မိနစ် ၃၀ လောက်ဆန္ဒပြပြီး သူနဲ့ မိတ်ဆွေတချို့ အဖမ်းမခံခဲ့ရပါဘူး။ သူတို့ရဲ့ ရဲရင့်တဲ့ နမူနာကြောင့် တခြားအစုအဖွဲ့တွေလည်း မြို့တွေမှာ လှုပ်ရှားလာကြပြီး အတူတကွအားဖြင့် လူထုလှုပ်ရှားမှု၊ အာဏာဖီဆန်မှုနဲ့ တနိုင်ငံလုံး နိုးကြားမှုကြီး ဖြစ်လာပါတယ်။

မိတ်ဆွေတွေနဲ့ စည်းနှောင်ထားမှု၊ လူငယ် ကျောင်းသားတွေရဲ့ ယုံကြည်မှု၊ ဆယ်စုနှစ်များစွာ စစ်အာဏာရှင်ဆန့်ကျင်ရေးမှာ ရင့်ကျက် ချိတ်ဆက်မိလာကြတဲ့ ကွန်ယက်၊ သာမန်ပြည်သူတွေနဲ့ အိမ်နီးချင်းတွေရဲ့ ရပ်တည်သွေးစည်းမှုတွေကြောင့် တေဇာဆန်းတို့ အဖွဲ့တွေ ပုန်းအောင်းလှုပ်ရှားနေနိုင်ခဲ့တာ ၂ လကျော်ကြာပါပြီ။ နေ့တိုင်းမဟုတ်ရင်တောင် မကြာမကြာလမ်းပေါ်ထွက်လာပြီး အခြားသူတွေကို အင်အားနဲ့ နမူနာပေးပါတယ်။ အဲဒီလိုရဲရင့်မှုကို မြင်ရတဲ့အခါ ကျတော့်မှာ ရပ်သပ်ရှမော တုန်ရီသွားတဲ့ အထိ ဖြစ်ရတာကို ဝန်ခံပါတယ်။ စစ်ပွဲတွေ၊အာဏာရှင်တွေကို ကျတော့်ဘဝမှာ မြင်ခဲ့ဘူးပါပြီ။ လူဆိုတာ သူ့ရဲကောင်းဖြစ်အောင် ဖန်တီးထားတာမျိုးမဟုတ်ပါဘူး။ သူရဲကောင်းဖြစ်ဖို့ တောင်းဆိုခံရတာတွေက လူသားအတွက် များလွန်းလှပါတယ်။ ဒါပေမဲ့ ဘုရားကိုပဲကျေးဇူးတင်ရမယ်ထင်ပါတယ်။ ကျတော်တို့ထဲက တချို့တွေဟာ အဆုံးစွန် စိန်ခေါ်မှုနဲ့ ခြိမ်းခြောက်မှုတွေအောက်မှာ တခါတခါ သာမန်လူတယောက်ထက် အဆများစွာကြီးမား သွားပါတယ်။

တေဇာဆန်းဟာ လွန်ခဲ့တဲ့ ၂လ ကထက် အများကြီး ကြီးမားတဲ့လူတယောက်ဖြစ်လာပါတယ်။ သူဟာပိန်ပါးတုန်းပါ။ ကလေးဘဝ အဟာရချို့တဲ့မှုကြုံရတဲ့ မြန်မာမိသားစု အများအပြားလိုပါပဲ။ ဒါပေမဲ့ လမ်းပေါ်မှာ သူ့ဆီကနေအင်အားက ရောင်စဉ်ဖြာထွက်လာနေပါတယ်။ သူ့အသံမှာ ကျယ်လောင်မှု အပြည့် သံဒိဌာန်အပြည့်နဲ့ပါ။ သူဟာသူ့တိုင်းပြည်ပြောင်းလဲဖို့ ခရီးဝန်တာကို လက်ခံသယ်ဆောင်သူအဖြစ် ရောက်ရှိရင့်ကျက်လာခဲ့ပါတယ်။

(တေဇာဆန်း၏ မူရင်းရေးသားချက်ကို အောက်ပါ လင့်တွင်ကြည့်ပါ။ အင်္ဂလိပ်ဘာသာပြန်ကိုလည်း တွဲဖက်ဖော်ပြလိုက်ပါသည်)

----------------------

#ကြောက်ခေတ်ကို_မှောက်ပြစ်ကြ

ဒီနေ့ ညနေနဲ့ ညဦးပိုင်းမှာ မန်းလေးက ကျနော် နေခဲ့ဖူးတဲ့ တိုက်ခန်းလေးကို အကြမ်းဖက်စစ်ကောင်စီ လက်ပါးစေ စစ်သား၊ ရဲ၊ အရပ်ဝတ်အစုံ အင်အားအလုံးအရင်းနဲ့ နှစ်ကြိမ် လာသွားတယ်လို့ ကြားသိရပါတယ်။ အချို့သတင်းတွေကလည်း သုံးကြိမ်လို့ ဆိုပါတယ်။ ဒီတိုက်ခန်းလေး လိပ်စာအတိအကျကို သူတို့သိထားတာ ကြာပါပြီ။ ဖေဖော်ဝါရီလလယ်လောက်ကတည်းက မန်းလေးမြို့လူထုက စရဖလို့ ယူဆရသူတစ်ယောက်ကို ကျနော့်အိမ်လိပ်စာပါတဲ့ စာရွက်ကလေးနဲ့အတူ လက်ပူးလက်ကြပ် မိထားဖူးပါတယ်။ ဒါ့ကြောင့် အဲ့ဒီမှာ ဘယ်သူမှ မနေတော့တာလည်း ကြာလှပါပြီ။ ကျနော့်အတွက် အရေးကြီးပစ္စည်းလည်း အဲ့ဒီမှာ ဘာမှ မထား၊ မရှိပါဘူး။

သူတို့က သော့ခတ်ထားတဲ့ တိုက်ခန်းတံခါးကို ဖျက်ဖွင့်ပြီး တစ်အိမ်လုံး မွှေနှောက်ဖျက်ဆီးသွားကြပြီး တွေ့သမျှ တန်ဖိုးရှိ၊ မရှိ၊ ဘာသောညာသောမရွေး အကုန်လုံးကို အိတ်ကြီးအိတ်ငယ် အသွယ်သွယ်နဲ့ အဓမ္မ ယူဆောင်သွားကြလေသတည်း။

ပစ္စည်းသခ်ါရ လူသခ်ါရသဘောပေမို့ ကျန်တာတွေတော့ သိပ်မနမြောပါဘူး၊ စာအုပ်တွေတော့ နမြောလှတယ်ဗျာ။ ကိုယ့်အကြိုက် လက်ရွေးစင်လေးတွေချည်း အိမ်မှာ စုသိမ်းထားတာမို့ပါ။)

သူရို့က ကျနော့်ကို ရဲစခန်းပေါင်းများစွာမှာ စွဲဆိုထားတဲ့ ပုဒ်ထီးပုဒ်မတွေရှိတယ်လို့တော့ ကြားသိပါရဲ့။ ဒါပေသိ၊ ဒီစာအုပ်တွေ၊ အခြားပစ္စည်းတွေကို အဓမ္မလုယူသိမ်းဆည်းရတဲ့ အကြောင်းရင်းကို ကျနော့်တော့ ဉာဏ်မမီ၊ စဉ်းစားလို့ မရပါ။ အဲ့တိုက်ခန်းမှာ ရှိတဲ့ပစ္စည်းတွေကလည်း အကုန်လုံးက ကျနော့်ဥစ္စာပစ္စည်း မဟုတ်။ ကျနော် ပိုင်ဆိုင်တာက စာအုပ်တွေပဲ ရှိတာ။ သူရို့ အိမ်က သိမ်းယူသွားတဲ့ ပစ္စည်းတွေထဲမှာ ကျနော့်နမတစ်ဦးရဲ့ ဂစ်တာလေးတောင် ပါသွားသေးပါသတဲ့။ ကျနော်လုပ်နေတဲ့ အာဏာရှင်တော်လှန်ရေးနဲ့ ဒီဂစ်တာလေးနဲ့က ဘယ်လိုများ ပတ်သတ်တာပါလိမ့်၊ ဆန်းကြယ်လှပါဘိတောင်း။

အိမ်း၊ "တပ်မတော်" လည်း သူခိုး၊ ဓားပြဂိုဏ်းအကြီးစားကြီး လုံးလုံး ဖြစ်နေပါပေ့ါလား။ တပ်မတော်ကို စတင်တည်ထောင်ခဲ့သူ ဗိုလ်တေဇ (ဗိုလ်ချုပ်အောင်ဆန်း) သာ ဒီအကြောင်းတွေ သိမယ်ဆို ဘယ်လောက် စိတ်မကောင်း၊ ဝမ်းနည်းဖြစ်နေမယ်မသိဘူး။ သူ့ပြည်သူတွေအတွက် သူရင်နာလို့ ဆုံးရှာမှာ မဟုတ်ဘူး။ တပ်မတော်အတွက် ဗိုလ်တေဇမှာခဲ့တဲ့ စကားက "ပြည်သူသာ အမိ၊ ပြည်သူသာ အဖ" တဲ့။ အခုတော့ သူရို့က ဒီဆောင်ပုဒ်ကို ပြောင်းပြန်လုပ်ထားပါပေ့ါလား။

တကယ်တော့ ဒီ ဗမာ (မြန်မာ) စစ်တပ်ဟာ သူသတ်၊ သူခိုး၊ ဓားပြအုပ်စုအကြီးစားကြီး ဖြစ်နေတာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ အထူးသဖြင့် ဗမာမဟုတ်တဲ့ ကျန်တိုင်းရင်းသား လူမျိုးတွေဒေသတွေ၊

ပြည်တွင်းစစ်ဖြစ်ပွားရာဒေသတွေမှာ ဒီလိုမျိုး ရာဇဝတ်မှုပေါင်းများစွာကို နေ့စဉ်နဲ့အမျှ၊ အချိန်နဲ့အမျှ ကျူးလွန်လာတာ နှစ်ပေါင်း (၇၀) ကျော် ကြာခဲ့ပါပြီ။

"ကျောချမှ ဓားပြမှန်း သိ" ဆိုသလို ကျနော်တို့ ဗမာတိုင်းရင်းသားတွေကတော့ ဒီစစ်တပ်ရဲ့ အတွင်းသရုပ်မှန်ကို အခု ၂၀၂၁ နွေဦးတော်လှန်ရေးကြီးမှာ ကွက်ကွက်ကွင်းကွင်း၊ ရှင်းရှင်းလင်းလင်း၊ မျက်မြင်ကိုယ်တွေ့ သိရှိခံစားလိုက်ကြရတာပါပဲ။ ငြိမ်းချမ်းပြီး သာယာဝပြောတဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်တစ်ရပ်ကို တည်ထောင်ဖို့ အဓိကအနှောက်အယှက်ပေးနေတဲ့ ဘုံရန်သူဟာ ဒီအကြမ်းဖက်စစ်အုပ်စုပဲဆိုတာ လယ်ပြင်မှာ ဆင်သွားသလို (ဗမာတွေကိုယ်တိုင်က) ထင်ထင်ရှားရှား သိမြင်သွားကြတာပေါ့ဗျာ။ ဒါသည်ပင်လျှင် တော်လှန်ရေးထဲက အမြတ်ကြီးတစ်ခုလို့ ကျနော်ကတော့ ခံယူမိပါတယ်။

အဖိနှိပ်ခံ ပြည်သူတစ်ရပ်လုံး သွေးစည်းကြလော့။

ဘုံရန်သူကို တိုက်ခိုက်ကြလော့။

ဘုံပန်းတိုင်ကို ရှေးရှုကြလော့။

#ကမ္ဘာမကြေဘူး

#မလျော့ဘူး

#သွေးမအေးဘူး

#နောက်မဆုတ်ဘူး

#တိုက်ပွဲရှိရင်_အောင်ပွဲရှိတယ်

#စစ်အာဏာရှင်စနစ်_မုချကျရှုံးရမည်

#အရေးတော်ပုံ_အောင်ရမည်